ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ် ၊ ရကာ–၁/ မ–၁၀၃၈/ ၉၉ (၁၉၈၆)။
ရက်စွဲ ၊ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ သီဟရာဇာ ကုမ္ပဏီ လီမိတက် မှ နိုင်ငံတကာအဆင့်မီ သန့်ရှင်းလတ်ဆတ်သော စားသုံးဆီများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော သီဟရာဇာ ကုမ္ပဏီ လီမိတက် (Thiha Yarzar Co., Ltd.) မှ နိုင်ငံတကာ အဆင့်မီ သန့်ရှင်းလတ်ဆတ်သောစားသုံးဆီများထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၁–၁၀–၉၉)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၇/၉၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက် ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၅၈)သန်း အပါအဝင် ကျပ် (၁၁၁.၆၀)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် (၁၆.၈၉)သန်း၊ ကုန်ကြမ်းပစ္စည်း တန်ဖိုးကျပ် (၅၂.၈၀)သန်း၊ အဆောက်အဦတန်ဖိုးကျပ် (၂၈.၄၆)သန်း၊ မြေတန်ဖိုးကျပ် (၁၀.၀၀)သန်း၊ စက်ပစ္စည်း ကိရိယာ တန်ဖိုးကျပ် (၁.၉၁)သန်း {အမေရိကန်ဒေါ်လာ (၀.၃၂)သန်း}နှင့် ဆောက်လုပ်ရေး ပစ္စည်း တန်ဖိုး ကျပ်(၁.၅၄)သန်း {အမေရိကန်ဒေါ်လာ(၀.၂၆)သန်း} ထည့်ဝင်ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းနှင့် ဆောက်လုပ်ရေး ပစ္စည်းများကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ China National Machinery & Equipment Import & Export Corporation မှ ကုမ္ပဏီပိုင် နိုင်ငံခြားငွေဖြင့် ဝယ်ယူမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် အတွက် သီဟရာဇာ ကုမ္ပဏီ လီမိတက် အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် မြေကွက်အမှတ် ၁၂/၁၃၊ လှိုင်သာယာစက်မှုဇုန်(၁) လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းရှိမြေ (၁.၁၉)ဧက (၄၈၁၅.၇၆ စတုရန်းမီတာ)ပေါ်တွင် စက်ရုံ တည်ဆောက်ပြီး စားသုံးဆီ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ထုတ်လုပ်မည့်စားသုံးဆီများအားလုံးကို ပြည်တွင်း၌ပင် ရောင်းချမည် ဖြစ်ပါသည်။ ယင်းလုပ်ငန်း၏ ပုံမှန်နှစ်တွင် ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (Ton)	ရောင်းဈေးနှုန်း (Ks 000/Ton)
၁။	မြေပဲဆီ	၁၃၈၀	၄၃၂
၂။	နှမ်းဆီ	၁၀၈၀	၂၆၆
၃။	နှမ်းဖတ်/ ပဲဖတ်	၂၀၀၀	၂၉

၅။ ယင်းလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများကို ပြည်တွင်းမှပင် ဝယ်ယူမည် ဖြစ်ပါသည်။

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

		(ကျပ်သန်း) စုစုပေါင်း
(က)	ဝင်ငွေ	၉၄၁.၄၄
(ခ)	အသုံးစရိတ်	၉၂၂.၈၂
(ဂ)	အသားတင်အမြတ်	၁၈.၆၂

၇။ ယင်းလုပ်ငန်း၏ အရင်းကြေကာလမှာ (၄)နှစ်နှင့် (၉)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၁၅.၉၄)ရာခိုင်နှုန်း ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဝင်ငွေခွန် ကျပ် ၇.၉၈ သန်း

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၇၄)ဦး နှင့် ပြည်ပမှ ဝန်ထမ်း (၄)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၁၀။ ယင်းလုပ်ငန်းအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရာ စားသုံးဆီ အဆင့်မီရန် စနစ်တကျ ထုတ်လုပ်မည်ဆိုပါက ကန့်ကွက်ရန် မရှိကြောင်းနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ မှတ်ပုံတင်ဆောင်ရွက်နေခြင်း မရှိသေးပါကြောင်း အကြောင်း ပြန်ကြားလာပါသည်။

၁၁။ ယင်းလုပ်ငန်းအတွက် မော်တော်ယာဉ်တင်သွင်းခွင့်နှင့်ပတ်သက်၍ တည်ဆောက်ရေးကာလအတွင်း Wagon (တစ်)စီးကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့်လည်းကောင်း၊ လုပ်ငန်းစတင် ဆောင်ရွက်ချိန်တွင် Truck (တစ်)စီးကို အခွန်အကောက်(၅၀)ရာခိုင်နှုန်း သက်သာခွင့်ဖြင့်လည်းကောင်း တင်သွင်းခွင့်ပြုရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇/၉၉)ကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပါသည်။

၁၂။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာပိုင်ဆိုင်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရန် နှင့် မီးဘေးကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ ပြည်ပမှစက်ပစ္စည်းများကို ငွေလွှဲပို့စနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း၊ ထွက်ကုန် ပစ္စည်းများကို ကိုယ်ပိုင် အံမှတ် တံဆိပ်ဖြင့် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းအသစ်ဖြစ်ကြောင်း၊ ဝန်ခံကတိ ပြုထားပါသည်။

၁၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၄။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) သီဟရာဇာ ကုမ္ပဏီ လီမိတက်မှ နိုင်ငံတကာအဆင့်မီ သန့်ရှင်းလတ်ဆတ်သော စားသုံးဆီများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၅။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။</u>
ကုန်သွယ်မှု မူဝါဒကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဗိုလ်မှူးချုပ် မောင်မောင်)
ဝန်ကြီး
နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရုံး
နှင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်။

<u>ကုန်သွယ်မှု မူဝါဒကောင်စီ။</u>

ပူးတွဲ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ရရှိရေး အတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ ၁၃(ဂ)အရ ကုန်ထုတ်လုပ်မှုကြောင့်ပြည်တွင်း ပြည်ပဝင်ငွေတိုးတက်မှုရှိပါကသတ်မှတ်ချက်နှင့်အညီဝင်ငွေခွန် သက်သာခွင့်ကိုလုပ်ငန်းအကောင်အထည်ဖော်မှုအရ လျှောက်ထားလာသည့်အခါစဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃(စ) အရ လုပ်ငန်းမှရရှိသည့်အမြတ်ငွေကိုတစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုအမြတ်ငွေအပေါ်တွင်ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လျှောက်ထားလာပါကခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ်တန်ဘိုးလျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတိုနှင့်မူလတန်ဘိုးပြည့်မီသည့်အထိအမြတ်ငွေမှနှုတ်ပယ်ခွင့်နှင့် ပတ်သက်၍ လျှောက်ထားလာသည့်အခါကော်မရှင်မှသတ်မှတ်သည့်နှုန်းအတိုင်း ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃(ဇ)အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများအပေါ်အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။

MIC
salient point

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ

(မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုဥပဒေအရ)

၁။	ကုမ္ပဏီအမည်	- သီဟရာဇာကုမ္ပဏီလီမိတက် (Thiha Yarzar Co., Ltd.) (မြန်မာကုမ္ပဏီ (၂၆-၁၁-၉၀ တွင်မှတ်ပုံတင်ပြီး)
၂။	လုပ်ငန်းအဆိုပြုသူအမည်	- ဦးချန်ရင်ဟုတ် (ခ) ဦးမြင့်ဦး
၃။	အဆိုပြုလုပ်ငန်းအမျိုးအစား	- နိုင်ငံတကာအဆင့်မီသန့်ရှင်းလတ်ဆတ် သောစား သုံးဆီများထုတ်လုပ်ခြင်း လုပ်ငန်း ။
၄။	တည်နေရာ	- မြေကွက်အမှတ်-၁၂၊၁၃၊ လှိုင်သာယာစက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-ကျပ် (၁၁၁.၆၀) သန်း (US$ ၀.၅၈သန်းအပါအဝင်)
	- ငွေပမာဏ	-ကျပ် ၁၆.၈၉သန်း
	- ကုန်ကြမ်းပစ္စည်း	-ကျပ် ၅၂.၈၀သန်း
	- အဆောက်အဦ	-ကျပ် ၂၈.၄၆သန်း
	- မြေ	-ကျပ် ၁၀.၀၀သန်း
	- စက်ပစ္စည်းကိရိယာ	-ကျပ် ၁.၉၁သန်း (US$ ၀.၃၂သန်း)
	- ဆောက်လုပ်ရေးပစ္စည်း	-ကျပ် ၁.၅၄သန်း (US$ ၀.၂၆သန်း)
၆။	မြေအကြောင်းအရာ	
	- မြေအကျယ်အဝန်း	- ၁.၁၉ဧက (၄၈၁၅.၇၆ စတုရန်းမီတာ)
	- မြေပိုင်ဆိုင်မှု	- သီဟရာဇာကုမ္ပဏီလီမိတက်အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသောမြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှချပေးထားသောမြေ။ (မြေကိုမတည်ငွေအဖြစ်ထည့်ဝင်ထားပါသည်။)
	- မြေအမျိုးအစား	- စက်မှုမြေ
၇။	ထုတ်လုပ်မှု (ပုံမှန်နှစ်)	Ton
	- မြေပဲဆီ	၁၃၈၀
	- နှမ်းဆီ	၁၀၈၀
	- နှမ်းဖတ် / ပဲဖတ်	၂၀၀၀

၈။	ရေဝင်း ချမည့်နည်း စနစ်	
	-ပြည်တွင်း	- ၁၀၀ %
၉။	ရေဝင်း ဈေးနှုန်း (ပုံမှန်နှစ်)	(Ks,000)/Ton
	- မြေပဲဆီ	- ၄၃၂
	- နှမ်း ဆီ	- ၂၆၆
	- နှမ်းဖတ်/ ပဲဖတ်	- ၂၉
၁၀။	ဝင်ငွေ (ပုံမှန်နှစ်)	
	-ကျပ် ငွေဖြင့်	- ကျပ် ၉၄၁.၄၄ သန်း
၁၁။	အသားတင်အမြတ်	
	-ကျပ် ငွေဖြင့်	- ကျပ် ၁၀.၆၂သန်း
၁၂။	နိုင်ငံတော်မှပုံမှန်နှစ်တွင်ရရှိမည့် အကျိုးအမြတ်	
	-ဝင်ငွေခွန် (ကျပ် ငွေဖြင့်)	- ကျပ် ၇.၉၀ သန်း
၁၃။	အရင်း ကြေကာလ	- (၄) နှစ်နှင့် (၉) လ
၁၄။	အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန် ပေါ်နှုန်း (IRR)	- (၁၅.၉၄) ရာခိုင်နှုန်း
၁၅။	ဝန်ထမ်း အင်အား	- ၇၀ ဦး
	- ပြည်ပ	၄ ဦး
	- ပြည်တွင်း	၇၄ ဦး
၁၆။	တည်ဆောက် မှုကာလ	(၁၁) လ
၁၇။	အခြား	-စက်ပစ္စည်း နှင့် ဆောက်လုပ်ရေးပစ္စည်း များ ကို တရုတ်ပြည်သူ့သမ္မတ နိုင်ငံ China National Machinery & Equipment Import & Export Corporation - မှ ကုမ္ပဏီပိုင်နိုင်ငံခြား ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။ -အမှတ် (၁) စက်မှုဝန်ကြီးဌာနသို့ သဘောတူ မှတ်ချက်တောင်း ခံရာအဆင့်မီရန် စနစ်တကျထုတ်လုပ်မည်ဆိုပါကကန့်ကွက်ရန်မရှိ ကြောင်းနှင့်ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရမှတ်ပုံတင် ဆောင်ရွက်

နေခြင်း မရှိသေး ပါကြောင်း ပြန်ကြား လာပါသည်။

- မြို့ရွာနှင့်အိုး အိမ်ဖွံ့ဖြိုး ရေး ဦး စီး ဌာနမှ လက်ရှိလုပ်ငန်း ဆောင်ရွက် နေခြင်း မရှိပါကြောင်း သဘောထား မှတ်ချက်ပြန်ကြား လာပါသည်။
- စက်ပစ္စည်း စာရင်း ကိုပူး တွဲတင်ပြထား ပါသည်။
- ယင်းလုပ်ငန်းအတွက်လိုအပ် သောကုန်ကြမ်းပစ္စည်း များကိုပြည်တွင်းမှ ပင်ဝယ်ယူမည်ဖြစ်ပါသည်။
- ယင်းလုပ်ငန်းသည်မြန်မာနိုင်ငံသား များ သာ ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်း၊ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်း မှုမဖြစ်ပွား စေရန်နှင့်မီး ဘေး အန္တရာယ်များ အတွက်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထား မည်ဖြစ်ကြောင်း ၊ ပြည်ပမှ စက်ပစ္စည်း များ ကို ငွေလွှဲပို့စနစ်ဖြင့် ဝယ်ယူမည်ဖြစ် ကြောင်း၊ ထွက်ကုန်ပစ္စည်း များ ကို ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့်ဖြန့်ဖြူးသွား မည်ဖြစ်ကြောင်း၊ လုပ်ငန်းအသစ်ဖြစ် ကြောင်းဝန်ခံကတိပြုထား ပါသည်။
- ငွေ ကြေး ဆိုင်ရာအ ထောက်အထား အဖြစ်သီဟ ရာဇာကုမ္ပဏီလီမိတက်၏ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ် ရေးဘဏ် ရှိဘဏ်လက်ကျန် စာရင်းကိုတင်ပြထား ပါသည်။
- ပူးတွဲပါဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရအခွန် ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ကို ခံစား ခွင့်ပြုရန် လျှောက်ထား လာပါသည်။